

## ကျွန်ုပ်၏ဘက်မှ ဖြစ်ရပ်ကို သေချာကြားသိစေရန် ဘယ်လိုလုပ်ရမလဲ။

- ပူးပေါင်းဆောင်ရွက်ပါ။ နောက်ထပ်အချက်အလက်များ ပံ့ပိုးပေးနိုင်သည့် ပုဂ္ဂိုလ်များ၏ ဆက်သွယ်ရန် အချက်အလက်များနှင့် လူမှုဝန်ထမ်းအမည်များကို ပေးပါ။ အချို့အမှုကိစ္စများတွင် စာဖြင့် သဘောတူညီချက် လိုအပ်နိုင်သည်။
- သင့်အခြေအနေကို ပိုမိုကောင်းမွန်စွာ နားလည်စေရန်အတွက် လူမှုဝန်ထမ်းကို သင့်အိမ်သို့ လာခွင့်ပြုပါ။
- အမှုကိစ္စ သို့မဟုတ် သင့်ကလေးအကြောင်း ပြောဆိုရန် စီစဉ်ထားသည့် အစည်းအဝေး အားလုံးကို တက်ရောက်ပါ။
- လုပ်ငန်းစဉ်အကြောင်းနှင့် သင်လုပ်နိုင်သည့်အရာများကို မေးမြန်းပါ။
- တောင်းဆိုသည့်အခါ သင့်ကလေးအား ချိန်းဆိုမှုများ သို့မဟုတ် ကျွမ်းကျင်သူများထံ မပျက်မကွက် ခေါ်သွားပါ။
- လိပ်စာအသစ်၊ အိမ်တွင် နေထိုင်သည့် လူသစ် သို့မဟုတ် အဆက်အသွယ် အချက်အလက်အသစ်ကဲ့သို့သော ပြောင်းလဲမှုများကို လူမှုဝန်ထမ်းထံ မပျက်မကွက် အသိပေးပါ။
- အထောက်အကူများအကြောင်း မေးမြန်းပါ။ အချို့ကောင်တီများတွင် စုံစမ်းစစ်ဆေးနေစဉ်အတွင်း သင့်အား အကူအညီပေးမည့် မိဘအကျိုးဆောင်ကိုယ်စားလှယ်များ ရှိသည်။
- အခြေအနေအကြောင်း သိရှိသည့် အခြားပုဂ္ဂိုလ်များကို လူမှုဝန်ထမ်းအား အသိပေးပါ။ လူမှုဝန်ထမ်းတွင် အချက်အလက် များများ ရှိလေလေ ပိုမိုကောင်းမွန်စွာ ဆုံးဖြတ်နိုင်လေ ဖြစ်သည်။



## ကျွန်ုပ်၏ အမှုနှင့်ပတ်သက်၍ အလေးထားစရာကိစ္စများရှိပါက မည်သူ့ထံ ဆက်သွယ်ရမည်နည်း။

သင့်တွင် တိုင်ကြားချက် သို့မဟုတ် အလေးထားစရာကိစ္စရှိပါက သင်၏ လူမှုဝန်ထမ်း သို့မဟုတ် ၎င်းတို့၏ ကြီးကြပ်ရေးမှူးထံ ဆက်သွယ်ပါ။

________________________________________

________________________________________

သင်၏အလေးထားစရာကိစ္စများကို မဖြေရှင်းနိုင်သေးပါက သင်၏ ဒေသတွင်း နယ်မြေအုပ်ချုပ်ရေးမှူးထံ ဖုန်းခေါ်ဆိုနိုင်ပါသည်။

________________________________________

________________________________________

အကူအညီလိုပါက Constituent Relations (ကလေးသူငယ်ရေးရာ ဆက်ဆံရေးရုံး)
1-800-723-4831 သို့ အချိန်မရွေး ဖုန်းခေါ်ဆိုနိုင်သည်၊
-သို့မဟုတ်-
Family & Children's Ombuds (မိသားစုနှင့် ကလေးသူငယ်ရေးရာ စုံစမ်းရေးအရာရှိ) ရုံး* 1-800-571-7321 သို့ ဖုန်းခေါ်ဆိုနိုင်သည်။

**ဤအေဂျင်စီသည် DCYF နှင့် မသက်ဆိုင်ပါ။ ၎င်းသည် DCYF နှင့်ပတ်သက်သည့် အမှုကိစ္စရပ်များကို စုံစမ်းစစ်ဆေးပါသည်။*

*သင်သည် ဤစာရွက်စာတမ်းမိတ္တူများကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် ရယူလိုပါက DCYF Constituent Relations (DCYF ကလေးသူငယ်ရေးရာ ဆက်ဆံရေးရုံး)၊ (1-800-723-4831 | 360-902-8060၊ **ConstRelations@dcyf.wa.gov**) သို့ ဆက်သွယ်ပါ။*

DCYF PUBLICATION CWP_0083 BS (08-2021) Burmese

# Child Protective Services (ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ) (CPS) စုံစမ်းစစ်ဆေးခြင်း

***မိသားစုများကို အားဖြည့်ကူညီပေးလျက် ကလေးများကို ဘေးကင်းလုံခြုံအောင် ကာကွယ်ပေးခြင်း***



Washington State Department of
**CHILDREN, YOUTH & FAMILIES**



## CPS စုံစမ်းစစ်ဆေးခြင်းဆိုသည်မှာ အဘယ်နည်း။

CPS စုံစမ်းစစ်ဆေးခြင်းဆိုသည်မှာ ကလေးတစ်ဦးသည် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု ခံစားခဲ့ရကြောင်း စွပ်စွဲချက်အပေါ် တုံ့ပြန်ချက်ဖြစ်ပါသည်။ ၎င်းသည် ညှဉ်းပန်းနှိပ်စက်မှု၊ လျစ်လျူရှုမှု သို့မဟုတ် ကလေးစွန့်ပစ်မှု ဖြစ်ပွားခြင်းရှိ၊ မရှိ၊ ယင်းကြောင့် အနာဂတ်တွင် ကလေးက ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု ခံရနိုင်ခြေရှိ၊ မရှိ သို့မဟုတ် ခံရနိုင်ပုံနှင့် ကလေးသည် ဘေးကင်းလုံခြုံခြင်း ရှိ၊ မရှိနှင့်ပတ်သက်သည့် အချက်များကို လေ့လာရန် အသေးစိတ်ကျပြီး မျှတသော ကြိုးပမ်းအားထုတ်မှုဖြစ်သည်။ သက်ဆိုင်ရာ အရင်းအမြစ်မျိုးစုံမှ စုံစမ်းမေးမြန်းမှုများနှင့် အင်တာဗျူးများဖြင့် ၎င်းကို ဆောင်ရွက်ပါသည်။

## ကျွန်ုပ်က ဘာကြောင့် စုံစမ်းစစ်ဆေးခံရမည်လဲ။

- Department of Children, Youth and Families (ကလေးသူငယ် လူငယ်နှင့် မိသားစုရေးရာဌာန) (DCYF) သည် သင့်ကလေး၏ ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်သည့် အလေးထားစရာကိစ္စများအတွက် တိုင်ကြားချက်တစ်စောင် ရရှိခဲ့ပါသည်။
- တိုင်ကြားချက်သည် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု၏ ဥပဒေဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက် (RCW 26.44.020) နှင့် ကိုက်ညီနေပါသည်။
- စွပ်စွဲချက်များသည် အန္တရာယ် အတန်အသင့်မြင့်မားခြင်း သို့မဟုတ် မြင့်မားခြင်းရှိပြီး သင့်ကလေးအတွက် ချက်ချင်းအန္တရာယ် ကျရောက်နိုင်သည်ကို တိုင်ကြားချက်တွင် ပြသထားပါသည်။
- သင့်ကလေးအား ဘေးကင်းလုံခြုံအောင် ထားရှိရန်အတွက DCYF က သင်နှင့် ပူးပေါင်းဆောင်ရွက်လိုပါသည်။

## ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အဘယ်နည်း။

ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှုဆိုသည်မှာ ကလေး၏ ကျန်းမာရေး၊ ကောင်းကျိုးချမ်းသာ သို့မဟုတ် ဘေးကင်းလုံခြုံရေးကို ထိခိုက်နစ်နာကြောင်း သို့မဟုတ် ကလေးအား လျစ်လျူရှုဆက်ဆံခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်းကို ညွှန်ပြသည့် အခြေအနေများအောက်တွင် လူပုဂ္ဂိုလ်တစ်ဦးဦးက ကလေးအား ထိခိုက်ဒဏ်ရာ ရအောင်လုပ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းများကို ဆိုလိုသည်။ အွန်လိုင်းတွင်ရရှိနိုင်သော အသေးစိတ်အချက်များကို ပိုမိုသိရှိရန်အတွက် **https://apps.leg.wa.gov/WAC/default.aspx?cite=110-30&full=true** တွင် အခန်း 110-30 WAC ကို ကြည့်ပါ။

## စုံစမ်းစစ်ဆေးခြင်းမှ မည်သည့်အရာများကို မျှော်လင့်နိုင်သနည်း။

- DCYF သည် မိသားစု တစ်စုတစ်စည်းတည်းဖြစ်မှုကို အလွန်တန်ဖိုးထားပြီး ကလေးများ မိမိတို့၏အိမ်များတွင် ဘေးကင်းစွာ ဆက်လက်နေနိုင်ပါက ၎င်းတို့ကို အိမ်တွင်ထားရန် လုပ်ဆောင်ပါသည်။ သင့်ကလေး၏ လုံခြုံရေးသည် အရေးကြီးဆုံးဖြစ်ပြီး ဖြစ်နိုင်လျှင် အမှုကိစ္စဝန်ထမ်းသည် သင့်ကလေးအား သင့်အိမ်တွင် ဘေးကင်းလုံခြုံစွာထားနိုင်မည့် နည်းလမ်းအတွက် သင်နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။
- သင်နှင့်သင့်ကလေးသည် မည်သည့်အချိန်တွင်မဆို မျှမျှတတနှင့် လေးစားသမှုဖြင့် ဆက်ဆံခံရသင့်ပါသည်။
- စုံစမ်းစစ်ဆေးခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် မိဘ၊ တရားဝင်အုပ်ထိန်းသူ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဖြစ်သော သင့်အား အင်တာဗျူးပါမည်။
- ဥပဒေအရ ကလေးကို အင်တာဗျူးနိုင်ပြီး စုံစမ်းစစ်ဆေးခြင်း၏ တစ်စိတ်တစ်ပိုင်းအရ သင့်ခွင့်ပြုချက်မယူဘဲ ဓာတ်ပုံများ ရိုက်ကူးနိုင်ပါသည်။ ကလေးသည် ၎င်းကို အင်တာဗျူးလုပ်နေစဉ်အတွင်း ၎င်းနှစ်သက်ရာ ပြင်ပပုဂ္ဂိုလ်အား ရှိနေခွင့်ပြုနိုင်သည်။
- မှတ်တမ်းများ ရယူခြင်းနှင့် အရေးကြီးသော အဆက်အသွယ်မျိုးစုံဖြင့် အင်တာဗျူးများ ပြုလုပ်ခြင်းဖြင့် အချက်အလက်များကို စုဆောင်းပါမည်။
- စွပ်စွဲချက်တွင် ရာဇဝတ်မှုဆိုင်ရာ ကိစ္စတစ်ခု ပါရှိပါက CPS စုံစမ်းစစ်ဆေးရေးမှူးသည် စုဆောင်းထားသည့် အချက်အလက်များ ထပ်နေသည့် ပမာဏကို လျှော့ချရန် ဥပဒေစိုးမိုးရေးအဖွဲ့နှင့် ပူးပေါင်းနိုင်သည်။
- သင့်မိသားစု၏ လိုအပ်ချက်များကို ဖြေရှင်းရန်၊ အန္တရာယ်နှင့် လုံခြုံရေးပြဿနာများကို လျှော့ချရန်အတွက် ဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သည် သို့မဟုတ် သင့်အမှုကိစ္စကို စောင့်ကြည့်စစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးခြင်း၏ တစ်တစ်စိတ်တစ်ပိုင်းအဖြစ် Family Voluntary Services (မိသားစုစေတနာ့ဝန်ထမ်း ဝန်ဆောင်မှုများ) (FVS) သို့ လွှဲပြောင်းနိုင်သည်။

## တွေ့ရှိချက်များမှာ အဘယ်နည်း။

စွပ်စွဲချက်များသည် "အခြေအမြစ်ရှိနိုင်သည်" သို့မဟုတ် "အခြေအမြစ်မရှိ" ဖြစ်နိုင်သည်။ ရရှိသောအချက်အလက်ပေါ် အခြေခံထားသည့် အခြေအမြစ်ရှိသော တွေ့ရှိချက်ဆိုသည်မှာ ကလေးသူငယ်အား ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု ဖြစ်နိုင်ခြေက မဖြစ်ပွားနိုင်ခြေထက် ပိုများသည်ဟု ဆိုလိုသည်။ ရရှိသောအချက်အလက်ပေါ် အခြေခံထားသည့် အခြေအမြစ်မရှိသော တွေ့ရှိချက်ဆိုသည်မှာ ကလေးသူငယ်အပေါ် ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် လျစ်လျူရှုမှု မဖြစ်ပွားနိုင်ခြေသည် ဖြစ်ပွားနိုင်ခြေထက် ပိုများသည် သို့မဟုတ် စွပ်စွဲချက်ဖြစ်ပွားခဲ့ခြင်း/မဖြစ်ပွားခဲ့ခြင်းကို ဆုံးဖြတ်ရန် သက်သေအလုံအလောက် မရနိုင်ခြင်းကို ဆိုလိုသည်။

## တွေ့ရှိချက်အား ကျွန်ုပ်ထံ မည်သို့ အကြောင်းကြားမည်နည်း။

တွေ့ရှိချက်အကြောင်း သင့်အား အသိပေးသည့် စာတစ်စောင်ပို့ပါမည်။ တွေ့ရှိချက်က အခြေအမြစ်ရှိသည်ဆိုပါက ထိုတွေ့ရှိချက်အား အယူခံဝင်ရမည့်နည်းလမ်းကို သင့်အား ပြောပြပါမည်။ ဤအယူခံစာသည် တွေ့ရှိချက်စာလွှာကို လက်ခံရရှိသည့် ရက်မှ ရက်ပေါင်း 30 အတွင်း DCYF ရုံးသို့ ရောက်ရှိရပါမည်၊ သို့မဟုတ်ပါက တွေ့ရှိချက်များ အတည်ဖြစ်ပါမည်။ သင်နေရာပြောင်းသွားပါက သင့်လိပ်စာအသစ်ကို အမှုကိစ္စဝန်ထမ်း သိရှိကြောင်း သေချာပါစေ။

## အခြေအမြစ်ရှိသည့် တွေ့ရှိချက်သည် ကျွန်ုပ်အပေါ် မည်သို့သက်ရောက်မှု ရှိနိုင်သနည်း။

အခြေအမြစ်ရှိသည့် တွေ့ရှိချက်များကို DCYF ကွန်ပျူတာစနစ်တွင် လျှို့ဝှက်သိမ်းဆည်းထားပါသည်။ ၎င်းတို့ကို အောက်ပါရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်ပါသည်-

- သင့်ကလေးနှင့်ပတ်သက်သည့် တရားရုံးအမှုများတွင် သက်သေအထောက်အထားအဖြစ် တင်ပြရန်။
- အားနည်းချက်ရှိသော ကလေးများနှင့် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ရန် သင့်အား အလုပ်ခန့်နိုင်ခြင်း ရှိမရှိ၊ လိုင်စင်ထုတ်ပေးနိုင်ခြင်း ရှိမရှိ သို့မဟုတ် သင့်အနေဖြင့် စေတနာ့ဝန်ထမ်းလုပ်နိုင်ခြင်းရှိမရှိ ဆုံးဖြတ်သည့်အခါ သုံးရန်။
- နောက်ပိုင်းစွပ်စွဲချက်များ ရှိလာပါက နောက်ကြောင်းရာဇဝင်အချက်အလက်အဖြစ် သုံးရန်။
- စောင့်ရှောက်ပေးရမည့် ဆွေမျိုး သို့မဟုတ် ဆွေမျိုးသားချင်း ကလေးအား ခေါ်ယူစောင့်ရှောက်ပိုင်ခွင့် သင့်တွင်ရှိ၊ မရှိ ဆုံးဖြတ်သည့်အခါ။

